# အမှာစကား

နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ ရွှေ့ပြောင်းနေထိုင်ကြသူများ၊ သွားလာကြသူများ များပြားလာသော ယနေ့ခေတ်တွင် ဂျပန်နိုင်ငံအတွင်းမှာလည်း ကဏ္ဍအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံခြားသားဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာလျက်ရှိသည်။ ကျွမ်းကျင်လုပ်သားများအား နေထိုင်ခွင့်ပြုခြင်းစနစ်များလည်း စတင်လျက်ရှိပြီး နောင်တွင် နိုင်ငံအသီးသီးမှ အမျိုးမျိုးသောနောက်ခံယဉ်ကျေးမှုကို ပိုင်ဆိုင်ထားသူများက တူညီသောအဖွဲ့အစည်းတွင် နေထိုင်ပြီး တူညီသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နိုင်မည့်အခွင့်အရေးမှာ ပို၍ပို၍ တိုးပွားလာမည်ဖြစ်သည်။

ဂျပန်ဘာသာစကားသင်ရိုးစာအုပ် **IRODORI: ဂျပန်တွင်နေထိုင်မှုဘဝအတွက် ဂျပန်ဘာသာစကား** သည် နိုင်ငံခြားသားများ ဂျပန်နိုင်ငံတွင် နေထိုင်အလုပ်လုပ်သည့်အခါ လိုအပ်မည့် အခြေခံဂျပန်ဘာသာပြောဆိုမှုစွမ်းရည်ကို ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်သည့် စာအုပ်ဖြစ်သည်။ **IRODORI** ဆိုသည်မှာ **"ဆေးရောင်ခြယ်သည်"** ဟူသော အခြေခံအဓိပ္ပာယ်မှ ဆင်းသက်လာပြီး "အကြောင်းအရာများ၏ အခြေအနေနှင့် အသွင်အပြင်၊ ပုံသဏ္ဍာန်ကိုပြောင်းလဲပြီး ပိုမိုလှပဖွယ် စိတ်ဝင်စားဖွယ် ဖြစ်စေသည်" ဟုလည်းဖွင့်ဆိုနိုင်သည်။ ဂျပန်နိုင်ငံတွင် နေ့စဉ် အိမ်နီးနားချင်း၊ လုပ်ဖော်ကိုင်ဖက်စသည့် မိမိပတ်ဝန်းကျင်မှလူများနှင့် ပြောဆိုဆက်ဆံရာမှတစ်ဆင့် **အရောင်အသွေးကြွယ်ဝလာမည်** ကိုမျှော်လင့်ရင်း စကားလုံးများ၊ ဆက်သွယ်ပြောဆိုမှုဘက်မှ အထောက်အကူဖြစ်စေလိုသည့်ဆန္ဒဖြင့် ယခုခေါင်းစဉ်ကို ပေးခဲ့ခြင်းဖြစ်သည်။

ဤစာအုပ်၏ အဓိကအစိတ်အပိုင်းများမှာ –

- ဂျပန်နိုင်ငံ၏ လူမှုဘဝနှင့်အညီ အမျိုးမျိုးသောအခြေအနေနှင့် ခေါင်းစဉ်များပါဝင်ပြီး လက်တွေ့အသုံးပြုနိုင်မည့် ဂျပန်ဘာသာဆက်သွယ်ပြောဆိုမှုကို ထိရောက်စွာလေ့လာနိုင်သည်။

- သင်ခန်းစာတိုင်းတွင် သင်ယူရသည့်ရည်ရွယ်ချက်ကို Can-do ပုံစံဖြင့်ဖော်ပြထားပြီး ၎င်းသင်ခန်းစာကို သင်ယူခြင်းဖြင့် လုပ်နိုင်မည့်အကြောင်းအရာကို တိတိကျကျဖော်ပြထားသည်။

- ခေါင်းစဉ်နှင့် သဒ္ဒါများသည် JF ဂျပန်ဘာသာစကားသင်ကြားမှုစံနှုန်းနှင့်အညီ ထုတ်လုပ်ထားသော လက်ရှိ သင်ရိုးစာအုပ် Marugoto: Japanese Language and Culture နှင့် အကြမ်းအားဖြင့် ဆက်စပ်လျက်ရှိသည်။

- ဂျပန်နိုင်ငံ၏ လူမှုဘဝနှင့် အလုပ်အကိုင်တွင်လိုအပ်သော ဂျပန်ဘာသာအခြေခံမိတ်ဆက် (A1) မှ အခြေခံအဆင့် (A2)ရှိသည့် ဂျပန်ဘာသာလေ့လာမှုနှင့်ကိုက်ညီပြီး ဂျပန်ဖောင်ဒေးရှင်းဂျပန်ဘာသာ အခြေခံစာမေးပွဲ ဖြေဆိုမည့်သူများအတွက်လည်း အသုံးဝင်သည်။

- ကမ္ဘာတစ်ဝှမ်းရှိလူများ လွယ်ကူစွာအသုံးပြုနိုင်ရန် ပုံနှိပ်ထုတ်ဝေခြင်းမဟုတ်ဘဲ ဝက်ဘ်ဆိုဒ်များတွင် ဖော်ပြထားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသို့လာရောက်မည့်သူများအတွက် ဂျပန်နိုင်ငံသို့မလာမီ တတ်ထားသင့်သည့်အကြောင်းအရာများကိုလေ့လာသင်ယူနိုင်ရန်၊ ဂျပန်နိုင်ငံတွင် နေထိုင်နေသည့်သူများအနေဖြင့် မိမိ၏ဂျပန်ဘာသာစွမ်းရည်ကိုစစ်ဆေးနိုင်ပြီး "လုပ်နိုင်သည့်" အရာများကို တိုးပွားစေရန်အတွက် အမျိုးမျိုးသော ရည်ရွယ်ချက်များနှင့် ကိုက်ညီပြီး အသုံးပြုနိုင်ရန် မျှော်လင့်ပါသည်။

၂၀၂၀ခုနှစ် မတ်လ
ဂျပန်ဖောင်ဒေးရှင်း


©The Japan Foundation